# ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ – မြန်မာနိုင်ငံ အပေါ် ကမ္ဘာလုံးဆိုင်ရာ လက်နက် တင်ပို့ ရောင်းချမှုကို ရပ်ဆိုင်းရန် ညှိနှိုင်းဆောင်ရွက်သင့်

## စစ်ကောင်စီ၏ တိုက်ခိုက်မှုကြောင့် ကလေးငယ်များ အပါအဝင် စစ်ဘေးရှောင် ဒုက္ခသည် အမြောက်အမြား သေဆုံး

(ဘန်ကောက်၊ အောက်တိုဘာလ ၁၁ ရက်၊ ၂၀၂၃ ခုနှစ်) — ကချင်ပြည်နယ် လိုင်ဇာရှိ စစ်ဘေးရှောင် ဒုက္ခသည်များနှင့် အခြား နေထိုင်သူများကို စစ်ကောင်စီမှ တိုက်ခိုက်ရာတွင် ကလေးငယ်များ အပါအဝင် အရပ်သားပေါင်းများစွာ သေဆုံးခဲ့သည့်အတွက် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် မြန်မာနိုင်ငံအပေါ် ကမ္ဘာလုံးဆိုင်ရာ လက်နက် တင်ပို့ရောင်းချမှုကို ရပ်ဆိုင်းရန် အရေးတကြီး ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် နိုင်ငံတွင်းဖြစ်ပေါ်နေတဲ့ အခြေအနေကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းသင့်သည်ဟု Fortify Rights မှ ယနေ့တွင် ပြောကြားခဲ့သည်။

"မြန်မာစစ်တပ်ဟာ အပြစ်ကင်းတဲ့ အရပ်သား ကလေးငယ်တွေ၊ အမျိုးသမီးတွေနှင့် သက်ကြီးရွယ်အိုတွေကို အခြား ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများက ရရှိတဲ့ လက်နက်တွေကို အသုံးပြုကာ ဆက်ပြီး တိုက်ခိုက်နေပါတယ်" ဟု Fortify Rights မှ ဒါရိုက်တာ John Quinley (ဂျွန်ကွင်းလီ) က ပြောကြားခဲ့သည်။ "ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ကာကွယ်ဖို့အရေး လုပ်ဆောင်နေတဲ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီရဲ့ အလုပ်တွေ မပြီးခင်ချိန် အထိ နောက်ထပ် ကလေး ဘယ်နှစ်ယောက်ရဲ့ အသက်တွေ ပေးရဦးမှာလဲ။"

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ ည ၁၁း၃၀ ခန့်တွင် စစ်ဘေးရှောင် မိသားစုပေါင်း ၁၀၀ နှင့် အမြဲတမ်းနေထိုင်သူ ၅၀ ဦးတို့၏ ခိုလှုံရာ မုန်လိုင်ခက်ရွာ (Munglai Hkyet) ကို မြန်မာစစ်တပ်က တိုက်ခိုက်ခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုအတွင်း အမျိုးသမီးနှင့် ကလေးငယ်များ အပါအဝင် အနည်းဆုံး လူ ၂၉ ဦး သေဆုံးပြီး လူအများအပြားလည်း ဒဏ်ရာရရှိခဲ့သည်။


**United States**
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

**Thailand**
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

**Switzerland**
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
#rights4all
fortifyrights.org
fortify.rights@fortifyrights.org

မုန်လိုင်ခက် (Munglai Hkyet) သည် တရုတ် နယ်စပ်တွင် စစ်တပ်အဓိက ပစ်မှတ်ထားရာ နေရာများနှင့် မိုင်အနည်းငယ် အကွာရှိ  ကချင်မြို့ဖြစ်သည့် လိုင်ဇာမြို့၏ မြောက်ပိုင်းတွင် တည်ရှိသည်။ လိုင်ဇာမြို့သည် တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်း ဖြစ်သည့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ၏ ဌာနချုပ်တည်ရှိရာ နေရာဖြစ်သည်။ Fortify Rights အနေဖြင့် မုန်လိုင်ခက် (Munglai Hkyet) ကို စစ်ကောင်စီက မည်သည့် နည်းလမ်းဖြင့် တိုက်ခိုက်ခဲ့သည်ကို အတည်မပြု ရသေးပေ။ သို့သော် အသေအပျောက်များ၊ ရုပ်ပိုင်းဆိုင်ရာ ပျက်စီးမှုများနှင့် မိုင်နှင့်ချီသည့် ပေါက်ကွဲမှု အချင်းဝက် ပတ်လည်တို့ကို တင်ပြသည့် သတင်းများအရ တိုက်ခိုက်မှုသည် လက်နက်ကြီးများဖြင့် ပြင်းထန်စွာ ပစ်ခတ်ခြင်း ဖြစ်နိုင်ကြောင်း ဖော်ပြသည်။

Fortify Rights သည် တိုက်ခိုက်မှုအပြီး မီးလောင် ဒဏ်ရာများနှင့် သေဆုံးနေသည့် ကလေးငယ်များ၊ အရပ်သားများ၏ ရုပ်အလောင်းများ၊ မိုဘိုင်းလ်ဖုန်း ဗီဒီယိုများနှင့် ဓာတ်ပုံပေါင်းများစွာ လက်ခံရရှိထားပြီး ၎င်းတို့ကို စုံစမ်းစစ်ဆေးခဲ့ပါသည်။ Fortify Rights သည် လိုင်ဇာမြို့ခံ ကချင်တိုင်းရင်းသား နှစ်ဦးနှင့်လည်း တိုက်ခိုက်မှုနှင့် ပတ်သက်သည်များ ဆွေးနွေးပြောဆိုခဲ့သည်။

တိုက်ခိုက်မှုသည် လိုင်ဇာမြို့ ရပ်ကွက် ၉ တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်ဟု အသက် ၄၄ နှစ်ရှိသူ “ဝိုင်ချိုင်နော် (Waichyai Naw)”- (အမည်ရင်းမဟုတ်) မှ ပြောပါသည်။ ၎င်းသည် တိုက်ခိုက်မှု ဖြစ်ပွားချိန်တွင် အနီးအနားမှာ ရှိနေခဲ့ပြီး လက်နက်ကြီး ဒဏ်သင့်ခဲ့တဲ့ နယ်မြေလည်း သွားရောက်ခဲ့သည်။ ၎င်းက Fortify Rights အား ပြောကြား သည်မှာ -

> ကျွန်တော် အောက်တိုဘာ ၉ ရက်နေ့ ည ၁၁ နာရီ ကျော်လောက်မှာ အသံအကျယ်ကြီး ကြားလိုက်ရတယ်။ အဲဒီနေရာက စစ်ဘေးရှောင် ဒုက္ခသည်တွေ ယာယီနေထိုင်နေတဲ့ နယ်မြေပါ။ ကျွန်တော် အိမ်မှာ ဂါဇာ-အစ္စရေး သတင်းကြည့်နေတုန်း ပေါက်ကွဲသံ အကျယ်ကြီး ကြားလိုက်ရတယ်။ အားပြင်းငလျင် တစ်ခု လှုပ်သွားတယ် လို့တောင် ထင်ရတယ်။ ကျွန်တော့် အိမ်ပဲ မဟုတ် တစ်မြို့လုံးက အဲ့လိုပဲ ခံစား ရတာ။ ပေါက်ကွဲမှု အတွင်းမှာ ဘုရားကျောင်း မျက်နှာကျက်အချို့ တောင် ပြိုကျကုန်တယ်။ ကျွန်တော့် အိမ်နံရံက ကွန်ကရစ်အချို့ပါ ပြိုကျသွားတယ်။ အလွန်ကို ပြင်းထန်ခဲ့တာ။

**United States**
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

**Thailand**
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

**Switzerland**
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
#rights4all
fortifyrights.org
fortify.rights@fortifyrights.org

မြန်မာ့တပ်မတော်သည် လိုင်လွမ် အောင်ဂျာ (Lailum Awngja) နယ်မြေ တဝိုက်တွင် အခြေစိုက်ပြီး လိုင်ဇာဘက်သို့ မကြာခဏ လက်နက်ကြီးဖြင့် ပစ်ခတ်လေ့ရှိသည်ဟု ဝိုင်ချိုင်နော်က ပြောသည်။ အောက်တိုဘာ ၉ ရက် တိုက်ခိုက်မှုနှင့် ပတ်သက်၍ ဝိုင်ချိုင်နော်၏ ပြောကြားချက်မှာ -

> အရင်တုန်းက ပေါက်ကွဲတဲ့ ပုံစံရော၊ ခံစားရပုံချင်းရော မတူဘူး။ စကစ (စစ်ကောင်စီ) က ၁၂၀ ဒါမှမဟုတ် ၁၅၀ မမ စိန်ပြောင်းတွေကို ပစ်တဲ့အခါ သုံးကြတာ များပြီး အခုကျ အဲ့လို မဟုတ်ဘူး။ ကြားနေကျ လက်နက်ကြီး သံမျိုးနဲ့ကို မတူဘူး . . . ဖြစ်သွားတာက အရမ်းမြန်တာမှ ရှီးးးးး ဆိုတဲ့ အရှိန်နဲ့ အသံကြား ပြီးတာနဲ့ အုံးကနဲ ပေါက်ကွဲတာပဲ။ ကျွန်တော့် အနီးအနားက လူတွေနဲ့ ပြောတုန်းကလည်း လက်နက်ကြီးက သုံးဆင့် ပေါက်တယ်လို့ ပြောကြတာပဲ။ ပစ်ခတ်ခံရတဲ့ မြေအကျယ်အဝန်းက ဧကဝက်လောက်တောင် ရှိတယ်။ ကျွန်တော် အပျက်အစီးတွေ အများကြီး တွေ့ခဲ့ရတယ်။ လက်နက် ကြီးကျထားတဲ့ နယ်မြေဝန်းကျင် တစ်ခုလုံးလည်း ဆိုက်ကလုန်းမုန်တိုင်း ဝင်ထားသလိုပဲ။ တချို့အိမ် ခေါင်းမိုးတွေဆို ကျွတ်ထွက်ပြီး လွင့်ကုန်တာ။

စစ်ကောင်စီ၏ အသေအကြေ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူများကို လိုင်ဇာဆေးရုံတွင် သွားရောက်ကြည့်ရှုကူညီပေးနေသည့် အခြားဒေသခံ တစ်ဦးမှ Fortify Rights သို့ ပြောသည်။

> ကျွန်မ ဒီမနက် (အောက်တိုဘာ ၁၀ ရက်) ဆေးရုံကို သွားခဲ့ပါတယ်။ ဆေးရုံ ဝန်ထမ်းတွေနဲ့ စကားပြောပြီး လူ ၂၉ ဦး သေဆုံးပြီး ၅၇ ဦး ဒဏ်ရာ ရတယ်လို့ သူတို့ ပြောပါတယ်။ . . . ကျွန်မ တိုက်ခိုက်ခံရခြင်းမှ လွတ်မြောက် လာသူတွေ သူတို့ရဲ့ ဦးခေါင်း၊ မျက်နှာ၊ လက်နှင့် ခြေထောက်တို့မှာ ပတ်တီးတွေ စည်းထားတာ တွေ့ခဲ့ရတယ်။

စစ်ကောင်စီတပ်က ထုတ်လွှင့်တဲ့ ရုပ်မြင်သံကြား ကွန်ရက်တွင်မူ စစ်ကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ဦးဇော်မင်းထွန်းက ယခုတိုက်ခိုက်မှုအတွက် တပ်မတော်တွင် တာဝန်မရှိကြောင်း ငြင်းဆိုထားသည်။

၂၀၂၁ ခုနှစ် ပြည်သူ အသေအပျောက် အများဆုံးဖြစ်ခဲ့သည့် စက်ဆုပ်ဖွယ် အာဏာသိမ်းမှု စတင်စဉ်ကပင် မြန်မာ စစ်ကောင်စီသည်  တိုင်းရင်းသား မျိုးနွယ်စုများ၏ နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတဝှမ်း အရပ်သားများစွာ နေထိုင်သည့် ဒေသများကို မကြာခဏ တိုက်ခိုက်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့်

လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည်။ မြန်မာစစ်ကောင်စီ လေတပ်သည်လည်း ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယတို့၏ လေပိုင်နက်ကို ၂၀၂၂ ခုနှစ် ဇွန်လ၊ ဩဂုတ်လနှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလတို့တွင် အသီးသီး ကျူးကျော် ဝင်ရောက်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာ ထောက်ထားမှု ဥပဒေသည် (စစ်ပွဲဆိုင်ရာ ဥပဒေဟုလည်း သိကြသည်) နိုင်ငံတကာ လက်နက်ကိုင် ပဋိပက္ခတွင် မပါဝင်နေသော ကချင်ပြည်နယ်၏ အခြေအနေနှင့် သက်ဆိုင်မှုရှိသည်။ အထူးသဖြင့် ဂျီနီဗာ သဘောတူညီချက်များသည် လက်နက်ကိုင် ပဋိပက္ခ၏ ဆောင်ရွက်မှုများတွင် စည်းကမ်းနှင့်အညီ လိုက်နာရမည့် အခြေခံ စည်းမျဉ်းများကို ချမှတ်ပြီး စစ်ပွဲဆိုင်ရာ ဥပဒေများ၏ အခြေခံအဆင့်ကို ပံ့ပိုးပေးခြင်းဖြစ်သည်။ အတိအကျ ဆိုရလျှင် အားလုံးနှင့် သက်ဆိုင်သော ဂျီနီဗာ သဘောတူညီချက် စာချုပ်၏ အပိုဒ် ၃ ၌ နိုင်ငံတကာ အရေးအခင်း မဟုတ်သော လက်နက်ကိုင် ပဋိပက္ခတွင် အရပ်သားများအား အကာအကွယ်ပေးသည် ဟု အောက်ပါအတိုင်း ဖော်ပြထားသည်။

> တိုက်ပွဲတွင်း ပါဝင် တိုက်ခိုက်ခြင်း မရှိသူများဖြစ်သည့် လက်နက်ချထားသည့် လက်နက်ကိုင် တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲအတွင်း ထိခိုက်ဒဏ်ရာကြောင့် တိုက်ပွဲမှ အနားယူ ရသူများကို . . . လူမျိုး၊ အသားအရောင်၊ ကိုးကွယ်ယုံကြည်မှု၊ ကျား၊ မ မရွေး၊ မွေးဖွားကြီးပြင်းမှု သို့မဟုတ် ချမ်းသာ ကြွယ်ဝမှုကြောင့် သော်လည်းကောင်း၊ အခြားအလားတူ စံနှုန်းများအပေါ်ကြောင့် သော်လည်းကောင်း အခြေခံသည့် ခြားနားမှုမျိုး အလျဉ်းမရှိဘဲ မည်သည့် အခြေအနေမျိုးတွင်မဆို လူသားဆန်စွာ ဆက်ဆံရမည်။

စစ်ပွဲဆိုင်ရာ ဥပဒေအောက်တွင် ပဋိပက္ခ အတွင်းပါဝင်သော ပါတီများသည် အရပ်သား၊ "အရပ်သားဆိုင်ရာ အရာဝတ္ထုများ" (စစ်ဘက် ရည်ရွယ်ချက် အတွက် အသုံးမပြုသော အိမ်များနှင့် ဆေးရုံများကဲ့သို့) နှင့် တိုက်ပွဲဝင်သူများ၊ "စစ်ရေး ဆိုင်ရာအရာဝတ္ထုများ" အကြား အမြဲတစေ ခွဲခြားစေရမည်။ အရပ်သားများနှင့် "အရပ်သား ဆိုင်ရာအရာဝတ္ထုများ" အားပစ်မှတ်ထားသည့် တိုက်ရိုက် တိုက်ခိုက်မှုများနှင့် မဆင်မခြင် တိုက်ခိုက်မှု နှစ်ခုလုံးကို စစ်ရေးဆိုင်ရာ ဥပဒေတွင် ရှင်းလင်းစွာ တားမြစ်ထားသည်။

စတုတ္ထမြောက် ဂျီနီဗာ သဘောတူညီချက်၏ အပိုဒ် ၂၇ တွင် “အကြမ်းဖက်မှု မှန်သမျှကို ဆန့်ကျင်ကာ” အရပ်သားများအား ကာကွယ် ပေးရမည်ဟု အာမခံထားသည်။ အပိုဒ် ၃၂ တွင် “အကာအကွယ် ပေးထားသည့်

လူများကို သုတ်သင် ရှင်းလင်းခြင်း ဟူသော စရိုက်လက္ခဏာ တစ်ရပ်ရပ်နဲ့ ကိုက်ညီနေသည့်” လူသတ်မှု အပြင် “အခြား ရက်စက်ကြမ်းကြုတ်မှု” များကိုပါ တားမြစ်ထားသည်။

ရောမလွှတ်တော် အတည်ပြု ဥပဒေပါ အပိုဒ် ၈(၂)(ဂ)(၁) အရ “လူ့အသက် သတ်ဖြတ်ခြင်းနှင့် အမျိုးမျိုးသော အကြမ်းဖက်ခြင်း” များအား "အကြမ်းဖက်မှုများတွင် တက်ကြွစွာ ပါဝင်တိုက်ခိုက်ခြင်း မရှိသူများကို ကျူးလွန်ခြင်း" သည် စစ်ရာဇဝတ်မှု အထိဖြစ်နိုင်တဲ့ နိုင်ငံတကာ လူသားချင်းစာနာ ထောက်ထားမှု ဥပဒေကို ပြင်းထန်စွာ ချိုးဖောက်မှုဟု ယူဆသည်။ အလားတူ စာချုပ်၏ ပုဒ်မ ၈(၂)(င)(၁) အရ "နိုင်ငံတကာအရေး အခင်း မဟုတ်သော လက်နက်ကိုင် ပဋိပက္ခ တိုက်ပွဲများတွင် တိုက်ရိုက် ပါဝင်ခြင်းမရှိသော အရပ်သားများ အပေါ် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်း" သည် စစ်ရာဇဝတ်မှု မြောက်သည်။

နိုင်ငံတကာ စံသတ်မှတ်ချက်များ အောက်တွင် ကျိုးကြောင်းဆီလျော်မှု မရှိဘဲ အရပ်သားပေါင်း များစွာကို သတ်ဖြတ်ခဲ့သည့် မြန်မာစစ်တပ်၏ မုန်လိုင်ခက် (Munglai Hkyet) လက်နက်ကြီး ပစ်ခတ်မှုသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာ ထောက်ထားမှုနှင့် လူ့အခွင့်အရေး ဥပဒေကို ပြင်းထန်စွာ ချိုးဖောက်ခြင်း ဖြစ်ပြီး စစ်ရာဇဝတ်မှု မြောက်နိုင်သည်ဟု Fortify Rights မှ ပြောကြားခဲ့သည်။

ယခုနောက်ဆုံး အကြမ်းဖက်မှုသည် မကြာသေးမီ နှစ်များအတွင်း မြန်မာစစ်တပ်မှ ကျူးလွန်ခဲ့သော ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှု အများအပြားကို ထပ်လောင်း တိုးပွားလာစေသည်။ မြန်မာစစ်တပ် အာဏာသိမ်းပြီး ပထမ ခြောက်လ အတွင်းတွင် Fortify Rights နှင့် Yale Law School ရှိ Schell Center တို့သည် လူသတ်ခြင်း၊ ထောင်ချခြင်း၊ ညှဉ်းပန်း နှိပ်စက်ခြင်းနှင့် ပျောက်ဆုံး နေမှုများ စသည်တို့ ပါဝင်သော မြန်မာ့ စစ်တပ်နှင့် ရဲတပ်ဖွဲ့တို့၏ လူသားမျိုးနွယ်စုတစ်ခုလုံးအပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုများကို မှတ်တမ်းပြုခဲ့သည်။ ထို့အပြင် ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံမှ အသက်ရှင် ကျန်ရစ်သူ ၁၆ ဦးနှင့် Fortify Rights တို့သည် ဂျာမနီနိုင်ငံ ပြည်ထောင်စုအစိုးရ ရှေ့နေချုပ်ထံ လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်စု တစ်ခုလုံးအပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုများနှင့် အမျိုးသမီးများ၊ အမျိုးသားများနှင့် ကလေးသူငယ်များကို မြန်မာနိုင်ငံတွင် ဆယ်စုနှစ် တစ်ခုကျော်ကြာ တိုက်ခိုက်ခဲ့သည့် အကြီးတန်းအရာရှိ မြန်မာစစ်ဗိုလ်ချုပ်များနှင့် အခြားသော အပေါင်းအပါများ ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများကို သက်သေ အသစ်နှင့်တကွ ရာဇဝတ်မှုဆိုင်ရာ တိုင်ကြားချက်တစ်ရပ်ကို ကမ္ဘာလုံးဆိုင်ရာ တရားစီရင်ပိုင်ခွင့် ဥပဒေအောက်တွင် တင်သွင်းခဲ့သည်။

**United States**
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

**Thailand**
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

**Switzerland**
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
**#rights4all**
fortifyrights.org
fortify.rights@fortifyrights.org

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အနေဖြင့် စစ်တပ်အာဏာသိမ်းမှု၊ များပြားလှသည့် ရက်စက် ကြမ်းကြုတ်သော ရာဇဝတ်မှုတွေနဲ့ နယ်စပ် ဖြတ်ကျော်သွားလာနေသည့် ဒုက္ခသည် အကျပ်အတည်း တွေဟာ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အခန်း (၇) အရ ၎င်း၏ အခွင့်အာဏာဖြင့် အမိန့်ပေး ရလောက်သည် အထိ နိုင်ငံတကာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ခြိမ်းခြောက် လာနိုင်သည်ကို လက်ခံထားပါသည်။ လုံခြုံရေးကောင်စီတွင် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန် သို့မဟုတ် ပြန်လည် ထူထောင်ရန်၊ လက်နက်ရောင်းချမှု ပိတ်ပင်ရန် အခန်း (၇) အရ ဥပဒေဆိုင်ရာ အခွင့်အာဏာရှိသည်။ ဤအခြေအနေတွင် အာဏာ မသိမ်းမီနှင့် သိမ်းပြီး နောက်ပိုင်း စစ်ကောင်စီ၏ အရပ်သားများ အပေါ် တမင်ရည်ရွယ် တိုက်ခိုက်မှုများကို အစုလိုက်အပြုံလိုက် ရက်စက် ကြမ်းကြုတ်သော ရာဇဝတ်မှုများ အဖြစ် သတ်မှတ်ခဲ့ပြီး၊ နိုင်ငံအတွင်း ပြည်သူ နှစ်သန်းနီးပါး စစ်ဘေးရှောင်၊ အိုးမဲ့အိမ်မဲ့ဖြစ်ကာ  ပြည်သူပေါင်း တစ်သန်းကျော်ကို အိမ်နီးချင်း နိုင်ငံများတွင် ဒုက္ခသည်အဖြစ် အတင်းအကျပ် နေထိုင်စေခဲ့သည်။ .

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် မြန်မာစစ်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်မှု များကို  ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် အာဏာ သိမ်းစဉ်ကပင် ရှုတ်ချခဲ့ပြီး သမိုင်းဝင် ဆုံးဖြတ်ချက် တစ်ရပ်ကို ချမှတ်ခဲ့သည်။ ယင်းသည် ၁၉၄၈ ခုနှစ် နိုင်ငံ လွတ်လပ်ရေး ရပြီးနောက်ပိုင်း လုံခြုံရေးကောင်စီ အနေဖြင့် မြန်မာနိုင်ငံအပေါ် ပထမဆုံးသော ချမှတ်သည့် ဆုံးဖြတ်ချက် ဖြစ်ပြီး အရေးပါ သော်ငြားလည်း ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် လက်တွေ့လုပ်ဆောင်ရန် ပျက်ကွက်ခဲ့သည်။

၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံမှ "မြန်မာနိုင်ငံ အတွင်းသို့ လက်နက်များ တင်ပို့နေမှုကို ဟန့်တားရန် အဖွဲ့ဝင်နိုင်ငံ အားလုံးကို တောင်းဆိုသည့်” စည်းနှောင်မှု မရှိသော ဖြေရှင်းချက်ကို လက်ခံခဲ့သည်။ အရှေ့တောင်အာရှ နိုင်ငံများအသင်းရှိ မြန်မာနိုင်ငံ၏ အိမ်နီးချင်း အများစုသည် အဆိုပါ ဆုံးဖြတ်ချက်ကို ထောက်ခံ ခဲ့ကြသည်။ ဘီလာရုဇ်နိုင်ငံ တစ်ခုတည်းသာ ကန့်ကွက်မဲ ပေးခဲ့သည်။

မြန်မာစစ်တပ်သည် ကချင် လူမျိုးများအပေါ် ရက်စက် ကြမ်းကြုတ်သော ရာဇဝတ်မှု များကို ဆယ်စုနှစ် များစွာ ကျူးလွန်ခဲ့သည်။ ဥပမာအားဖြင့် ၂၀၁၄ ခုနှစ်တွင် Fortify Rights သည် မြန်မာစစ်တပ်နှင့် ရဲတပ်ဖွဲ့တို့ က ကချင် လူမျိုးများအပေါ် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ ညှဉ်းပန်းနှိပ်စက် ခဲ့မှုများအား မှတ်တမ်း တင်ခဲ့သည်။

**United States**
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

**Thailand**
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

**Switzerland**
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
**#rights4all**
fortifyrights.org
fortify.rights@fortifyrights.org

“မြန်မာစစ်ကောင်စီဟာ နိုင်ငံတကာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ကာလရှည်ကြာ ခြိမ်းခြောက်လျက်ရှိပြီး ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေ အနေဖြင့် ရက်စက်ယုတ်မာမှု တွေကို တားဆီးကုစားဖို့ တာဝန်ရှိပါတယ်” ဟု John Quinley (ဂျွန်ကွင်းလီ) က ပြောကြားပါသည်။ “နိုင်ငံတကာ အသိုင်းအဝိုင်းဟာ လက်ရှိ ဖြစ်ပေါ်နေတဲ့ ရက်စက် ကြမ်းကြုတ်တဲ့ အကြမ်းဖက်မှု တွေကြောင့် နေရပ်ရွှေ့ပြောင်းရ သူတွေကို ကူညီပေးဖို့ မြန်မာပြည်သူတွေ၊ ပြည်တွင်းရှိ ဒေသခံ လူသားချင်းစာနာမှု အဖွဲ့တွေနဲ့အတူ ပူးပေါင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။”

-------

**United States**
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

**Thailand**
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

**Switzerland**
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
**#rights4all**
fortifyrights.org
fortify.rights@fortifyrights.org

**သတင်း အချက်အလက်များ ထပ်မံသိရှိလိုပါက အောက်ပါလိပ်စာများထံသို့ဆက်သွယ်နိုင်ပါသည်။**


Matthew Smith (မက်သယူးစမစ်), အမှုဆောင်အရာရှိချုပ်, Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်
+66 85 028 0044 (Signal; WhatsApp)
+1 202 503 8032 (U.S.)
အီးမေးလ် - Matthew.Smith@FortifyRights.org
တွစ်တာ/X - @MatthewFSmith, @FortifyRights

John Quinley III (ဂျွန်ကွင်းလီ), ဒါရိုက်တာ, Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်
+66 62 814 1130 (WhatsApp)
အီးမေးလ် - John.Quinley@FortifyRights.org
တွစ်တာ/X - @john_hq3, @FortifyRights

ချစ်ဆိုင်း၊ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ Associate, Fortify Rights
ဘာသာစကားများ - မြန်မာ၊ အင်္ဂလိပ်
+66 61 634 3418 (Signal; Telegram)
အီးမေးလ် - chit.seng@fortifyrights.org
တွစ်တာ/X - @sengchit, @FortifyRights

Pavani Nagaraja Bhat (ပါဗနီ နာဂရာဂျာ ဘတ်), စုံစမ်းစစ်ဆေးရေးဆိုင်ရာ Associate, Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်၊ ဟိန္ဒီ
+91 80 7323 7136 (Signal)
အီးမေးလ် - Pavani.Nagarajabhat@FortifyRights.org
တွစ်တာ/X - @Curly_Friess, @FortifyRights



**United States**
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

**Thailand**
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

**Switzerland**
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
**#rights4all**
fortifyrights.org
fortify.rights@fortifyrights.org